# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်တွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းခြင်း

နေပြည်တော်၊ ဩဂုတ် ၇

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ (၂၂၂၅.၀၀)သန်းဖြင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ တပ်ကုန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တပ်ကုန်းမြို့နယ်၊ သပြေချောင်းကျေးရွာနှင့် ရွှေမြို့ကျေးရွာတွင် တည်ဆောက်မည့် ဆင်သေချောင်းကူး တံတားအရှည် (၉၅၀)ပေ၊ အကျယ် (၁၃) ပေ၊ တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ သွားရောက် ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းသည်။

ဆက်လက်ပြီး ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ/မြို့ဖများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး ဒေသဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ တင်ပြမှုများအပေါ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ က ပြန်လည်ဆွေးနွေးပြောကြားခဲ့ သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် တပ်ကုန်းမြို့ ဗိုလ်မင်းရောင် ရပ်ကွက်ရှိ ဗုဒ္ဓသာသနာပြုဇိမ္မာန်တော်ကြီး တည်ဆောက်ရေးလုပ်ငန်းခွင်သို့ကြည့်ရှုစစ်ဆေး ခဲ့ကြောင်း သိရသည်။